၂၀၁၉ ခုနှစ်၊ ဇူလိုင်၊ ၂။

# အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

## လက်ရှိအစိုးရသက်တမ်းအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်သော တပ်မတော်၏ တရားစွဲဆိုမှုများ အစီရင်ခံစာ

*ဤအစီရင်ခံစာငယ်သည် အစိုးရသစ် တရားဝင် စတင်အာဏာရရှိလာခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဧပြီလ မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ အထိ လပေါင်း ၃၉ လ အတွင်းဖြစ်ပွားခဲ့သော တပ်မတော်၏အမှုများကိုစောင့်ကြည့်လေ့လာကာ ပြုစုအစီရင်ခံခြင်းဖြစ်သည်။ အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ရာရောက်သည့် တရားစွဲဆိုမှုများကို ပြန်လည်ဆန်းစစ်၍ ကောက်ချက်ချမှုများ ဂရုတစိုက် လုပ်ဆောင်ကာ ဤသုတေသနစာစောင်အား ပြုစုထားခြင်း ဖြစ်သည်။ တစ်ဆက်တည်းသော အမှုတွဲ စောင့်ကြည့်မှု၊ တစ်ဆက်တည်းမဟုတ်သော တရားရုံးစောင့်ကြည့်မှု၊ သက်ဆိုင်သူများကို သုတေသန အင်တာဗျူးမေးမြန်းမှုများ၊ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်မှုများမှ ရရှိလာသော အချက်အလက်များကို အပြီးသတ်ကောက်ချက်ချမှု ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားထားပါသည်။*



ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)၊ (ခ) တို့ဖြင့် တပ်မတော်၏ တရားစွဲဆိုခြင်းခံထားရသော ကိုနေမျိုးဇင်၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၇ ရက်နေ့ ရုံးချိန်းတွင် ကိုနေမျိုးဇင်ကို အင်းစိန်အကျဉ်းထောင်က ခေါ်ဆောင်လာသော အကျဉ်းကားမလာမီ (မနက်တရားရုံးဖွင့်ချိန်မှ ညနေ ၂ နာရီခန့်အထိ) တရားရုံးပရဝဏ်အတွင်းသို့ အများပြည်သူ ဝင်ရောက်ခြင်း မရှိစေရန် တံခါးများပိတ်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ဤကဲ့သို့ တရားရုံးသို့ အများပြည်သူ ဝင်ရောက်ခွင့် မရရန် ပိတ်ပင်ထားခြင်းသည် စွပ်စွဲခံရသူများ၏ မျှတသော တရားစီရင်ခံပိုင်ခွင့်အား ချိုးဖောက်ထားခြင်းပင်ဖြစ်သည်။ *ဓာတ်ပုံ - အသံအဖွဲ့*

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်၍ တရားစွဲဆိုမှုများ

လက်ရှိအစိုးရသက်တမ်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်၍ တပ်မတော်၏ တိုက်ရိုက် တရားစွဲဆိုမှုများသည် စုစုပေါင်း ၂၄ မှု ရှိလာပြီး ၇၇ ဦး တရားစွဲဆိုခံခဲ့ရသည်။ အဆိုပါ ကိန်းဂဏန်းသည် တပ်မတော်က တိုက်ရိုက်တရားစွဲဆိုမှုများသာ ဖြစ်သည်။ တပ်မတော်ကို ဝေဖန်၍ဟုဆိုကာ ရဲ ကဲ့သို့သော တတိယပုဂ္ဂိုလ် များက ကြားမှတရားစွဲဆိုမှုသည် ၆ မှုရှိခဲ့ပြီး ၉ ဦး တရားစွဲဆိုခံခဲ့ရသည်။

တပ်မတော်ကိုဝေဖန်၍နှင့် တပ်မတော်မှတိုက်ရိုက်တရားစွဲဆိုမှုများသည် **စုစုပေါင်း ၃၀ မှု** ရှိလာပြီဖြစ်ပြီး တရားစွဲဆိုခံရသူ **စုစုပေါင်း ၈၆ ဦး** ရှိလာပြီဖြစ်သည်။


| တရားစွဲဆိုခံရသည့် ဥပဒေပုဒ်မများ | အမှု | လူဦးရေ |
|---|---|---|
| *တပ်မတော်မှ တိုက်ရိုက်တရားစွဲဆိုမှု* | | |
| ဆက်သွယ်ရေးဥပဒေ | ၈ | ၁၄ |
| ဆက်သွယ်ရေးဥပဒေ + ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) | ၁ | ၁ |
| ဆက်သွယ်ရေးဥပဒေ + သတင်းမီဒီယာဥပဒေ | ၁ | ၂ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ | ၂ | ၁၂ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ + သတင်းမီဒီယာဥပဒေ | ၁ | ၁ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) | ၄ | ၂၆ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ) | ၃ | ၄ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) + ၅၀၅ (ခ) | ၁ | ၁ |
| မတရားအသင်းဥပဒေ | ၂ | ၄ |
| နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ | ၁ | ၁၂ |
| *တတိယပုဂ္ဂိုလ်မှ တရားစွဲဆိုမှု* | | |
| ဆက်သွယ်ရေးဥပဒေ | ၅ | ၈ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) | ၁ | ၁ |
| | | |
| စုစုပေါင်း | ၃၀ မှု | ၈၆ ဦး |

*ဤဇယားပါ အချက်အလက်များနှင့် ပတ်သက်၍ သတိချပ်ရန်မှာ တပ်မတော်က တရားစွဲဆိုထားသော အမှုများအားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကန့်သတ်ချိုးဖောက်ရာရောက်သည့် တရားစွဲဆိုမှုများကိုသာ မှတ်တမ်းတင်ပြုစုထားခြင်းဖြစ်သည်။ အခြားသောအခြေခံလူ့ရပိုင်ခွင့်ကိုချိုးဖောက်၍ တရားစွဲဆိုထားသောအမှုများ မပါဝင်ပါ။

## တရားရင်ဆိုင်နေရဆဲ / တရားရုံးစီရင်ချက်ခံယူပြီး / ရုတ်သိမ်းပြီးအမှုများ

| တရားစွဲဆိုခံရသည့် ဥပဒေပုဒ်မများ | အမှု ရင်ဆိုင်နေရဆဲ | တရားရုံး စီရင် ချက် ခံယူပြီး | တရားလိုမှပြန် လည် ရုပ်သိမ်း |
|---|---|---|---|
| *တပ်မတော်မှ တိုက်ရိုက်တရားစွဲဆိုမှု* | | | |
| ဆက်သွယ်ရေးဥပဒေ | ၆ | ၂ | |
| ဆက်သွယ်ရေးဥပဒေ + ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) | ၁ | | |
| ဆက်သွယ်ရေးဥပဒေ + သတင်းမီဒီယာဥပဒေ | | | ၁ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ | | ၂ | |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ + သတင်းမီဒီယာဥပဒေ | ၁ | | |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) | ၃ | | ၁ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ) | | ၂ | ၁ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) + ၅၀၅ (ခ) | ၁ | | |
| မတရားအသင်းဥပဒေ | | ၁ | ၁ |
| နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ | ၁ | | |
| *တတိယပုဂ္ဂိုလ်မှ တရားစွဲဆိုမှု* | | | |
| ဆက်သွယ်ရေးဥပဒေ | | ၅ | |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) | | ၁ | |
| | | | |
| **စုစုပေါင်း** | **၁၃ မှု** | **၁၃ မှု** | **၄ မှု** |

*လက်ရှိအစိုးရသစ်ကာလအတွင်း တပ်မတော်၏ တရားစွဲဆိုမှုခံရသော အမှုများထဲက တရားရင်ဆိုင်နေရဆဲ၊ သက်ဆိုင်ရာ တရားရုံးအသီးသီးက ချမှတ်သော စီရင်ချက်ခံယူပြီးနှင့် တပ်မတော်က ပြန်လည်ရုပ်သိမ်းခဲ့သော အမှုများ အရေအတွက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ တပ်မတော်သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ၎င်းတို့က စွဲဆိုထားသော အမှု ၅ မှု အား ပြန်လည်ရုပ်သိမ်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါ အမှု ၅ ထဲက ၁ မှုသည် သမ္မတဟောင်းဦးသိန်းစိန် ဦးဆောင်သည့် ယခင်အစိုးရသက်တမ်းအတွင်း စတင်ဖြစ်ပွားခဲ့သည့် အမှုဖြစ်သောကြောင့် လက်ရှိအစိုးရသက်တမ်းအတွင်း တပ်မတော်က တရားစွဲဆိုခဲ့သည့် မှတ်တမ်းတွင် ထည့်သွင်း၍မရပါ။ ထို့ကြောင့် တပ်မတော်က အမှု ၅ မှုရုပ်သိမ်းပေးခဲ့သော်လည်း လက်ရှိအစိုးရသက်တမ်းအတွင်း ၎င်းတို့တရားစွဲဆိုထားမှုကို ပြန်လည်ရုတ်သိမ်းပေးခြင်းမှာ ၄ မှုသာ ရှိခြင်းဖြစ်ပါသည်။*





*ပုံ: လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ရာရောက်သည့် တပ်မတော်၏ တိုက်ရိုက်တရားစွဲဆိုမှုများ*

ပုံညွှန်း ။ ။ တပ်မတော်က တိုက်ရိုက်တရားစွဲဆိုခဲ့သည့်အမှုများကို အရပ်သားအစိုးရသစ် အာဏာစတင်လက်ခံရယူစဉ် ကာလဖြစ်သော ၂၀၁၆ ခုနှစ် ဒုတိယပတ်နှင့် တတိယပတ်များတွင် မတွေ့ရဘဲ ၂၀၁၆ ခုနှစ် နှစ်ကုန်ခါနီးမှ စတင်တွေ့ရှိခဲ့ရပါသည်။ တပ်မတော်၏ တိုက်ရိုက်တရားစွဲဆိုမှု အများဆုံးအချိန်မှာ ယခုကာလ ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ တပ်မတော်က တိုက်ရိုက် တရားစွဲဆိုမှု အားလုံး၏ **၄၀ ရာခိုင်နှုန်းနီးပါး** ကို ၂၀၁၉ ခုနှစ်၊ ဒုတိယသုံးလပတ်ဖြစ်သော ဧပြီလမှ ဇွန်လ အတွင်း ပေါ်ပေါက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

*ဖြစ်ရပ်မှန်လေ့လာမှု (Case Study): ဧပြီလအတွင်း တပ်မတော်၏ တရားစွဲဆိုခံရမှုများတွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့သည်လည်း ပါဝင်ခဲ့သည်။ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့သည် ဧပြီလအတွင်းကျင်းပသည့် မဟာသင်္ကြန်ကာလတွင် ရန်ကုန်မြို့နှင့် အခြားမြို့များတွင် သံချပ်လှည့်လည်ဖျော်ဖြေခဲ့သည်။ ၎င်းတို့၏ သံချပ်စာသားများတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်၏နိုင်ငံရေးအခန်းကဏ္ဍတွင်ပါဝင်ခြင်းကို ဝေဖန်မှုများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး လှုံ့ဆော်မှုများ ပါဝင်ခဲ့သည်။ ထို့ကြောင့် သင်္ကြန်ကာလ အတွင်းပင် တပ်မတော်က မရမ်းကုန်းမြို့နယ်ရဲစခန်း၌ ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။ သို့သော် ယခုအချိန်တွင် မရမ်းကုန်းမြို့နယ်တရားရုံးမှ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(က) ဖြင့် လက်ခံ အမှုစစ်ဆေးနေပါသည်။ မရမ်းကုန်းမြို့နယ်တွင် တရားစွဲဆိုခံခဲ့ရသော ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ၇ ဦးကို ဗိုလ်တထောင်မြို့နယ်တရားရုံးတွင်လည်း တပ်မတော်ကတရားစွဲဆိုထားသည်။ အဆိုပါ ၇ ဦး အား မြို့နယ် ၂ ခု၌ တရားစွဲဆိုထားသည့်အပြင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင် ၂၅ ဦးကို ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်တွင်ပါ တူညီသော ဥပဒေပုဒ်မဖြင့် တပ်မတော်က အမှုဖွင့်အရေးယူထားလျှက်ရှိသည်။*

## တရားစွဲဆိုခံရသူများ




## ဒေသအလိုက်တရားစွဲဆိုမှုများ

တပ်မတော်ကိုဝေဖန်၍သော်လည်းကောင်း၊ တပ်မတော်က တရားစွဲဆို၍သော်လည်းကောင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရသည့် တရားစွဲဆိုခံခဲ့ရမှုများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

တရားစွဲဆိုမှုပေါင်း ၁၅ မှု သည် ရန်ကုန်တိုင်းဒေသကြီး၏ မတူညီသော မြို့နယ် ၁၀ မြို့နယ်တွင် ဖြစ်ပွားခဲ့ကာ စုစုပေါင်း ၃၀ ဦး တရားစွဲဆိုခံခဲ့ရသည်။




---

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် အမှု ၃ မှုသာ ပေါ်ပေါက်ခဲ့သော်လည်း ထို ၃ မှုတွင် လူပေါင်း ၃၅ ဦး တရားစွဲဆိုခံခဲ့ရသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် အခြားသော စိုးရိမ်ချက်များ

အသံအဖွဲ့၏ မှတ်တမ်းများသည် သတင်းမီဒီယာများတွင် ဖော်ပြသောအချက်အလက်များ၊ ကွန်ရက်များမှ တဆင့်ရရှိသည့်အချက်အလက်များ၊ နစ်နာသူများမှ တိုက်ရိုက်ပေးပို့သည့်အချက်အလက်များ၊ မြေပြင်အချက်အလက်ကောက်ခံသူများက ပေးပို့သောအချက်အလက်များကို အဆင့်ဆင့် စစ်ဆေးအတည်ပြုမှုများပြုလုပ်ကာ ပြုစုထားခြင်းဖြစ်သည်။

အသံအဖွဲ့က အတည်မပြုနိုင်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်ကာ တရားစွဲဆိုမှုများ ပဋိပက္ခနေရာများတွင် များစွာရှိနိုင်ချေ ရှိမည်ဟု အသံအဖွဲ့အနေဖြင့် ယူဆမိပါသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများ၊ အထူးသဖြင့် ပြည်တွင်းစစ်ဖြစ်ပွားရာဒေသများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်နိုင်ရေးနှင့် မှတ်တမ်းတင်နိုင်ရေးတို့မှာ လက်ရှိအခြေအနေတွင် သုတေသီများနှင့် သတင်းသမားများအတွက် အလွန်ကြီးလေးသည့် အခက်အခဲတစ်ခုလည်းဖြစ်သည်။ ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သတင်းမီဒီယာများ ဝင်ရောက်ခွင့်မရခြင်းနှင့် လက်ရှိအချိန်တွင် အင်တာနက်လိုင်းများ ဖြတ်တောက်ခံရခြင်းကဲ့သို့သော ကိစ္စရပ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှု ပုံစံတစ်မျိုးဖြစ်သကဲ့သို့ နောက်ဆက်တွဲအကျိုးရလဒ်အဖြစ် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများသည် ဖော်ထုတ်မှတ်တမ်းတင်ခံရခြင်းမရှိတော့ဘဲ လူမသိ၊ သူမသိ မေးမှိန် ပျောက်ကွယ် သွားတတ်ပါသည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေသော ဒေသများရှိ ပြည်သူများအပေါ် လူ့အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ ချိုးဖောက်ခံရနိုင်ချေ မြင့်မားနေမှုကို အသံအဖွဲ့အနေဖြင့် အလွန်စိုးရိမ်မိပါသည်။

---

## သုံးသပ်ချက်နှင့် အကြံပြုချက်

၁။ တပ်မတော်အနေဖြင့် ပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်တို့ကို လေးစားလိုက်နာသင့်ပါသည်။

၂။ တပ်မတော်အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်၍ ပြည်သူများအပေါ် တရားစွဲဆိုမှုများကို ဆက်လက်မပြုလုပ်သင့်ဘဲ လက်ရှိတရားစွဲဆိုထားမှုများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်ရုတ်သိမ်းသင့်ပါသည်။

၃။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၌ ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကန့်အသတ်ဖြစ်စေနိုင်သော ဆွေးနွေးမှုများ မပြုလုပ်သင့်ပါ။

---

## ဆက်သွယ်ရန်


ဖုန်း - ၀၉၇၈၇၄၄၀၄၈၄
အီးမေး - athan.info@gmail.com
Facebook - www.facebook.com/athan.foe.myanmar/
Twitter - @ahan_info